ဒီဗွီဘီ

၁၀ ၊ ဇန်နဝါရီ ၊ ၂၀၀၄

# မင်းဘူးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် အင်းစိန်ထောင်ဆေးရုံ၌ ကုသနေရ သားဖြစ်သူ ကိုလင်းလင်းထွန်း မန္တလေးထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ပြန်လွှတ်လာသူ သားငယ်မှ တလှည့်စီ ထောင်ဝင်စာတွေ့နေ

ထောင်ဒဏ်(၂၈)နှစ် ချမှတ်ခံထားရသည့် မင်းဘူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ကျန်းမာရေးမကောင်း သည့်အတွက် အင်းစိန်ထောင် ဆေးရုံ၌ ကုသမှု ခံယူနေရကြောင်းသိရသည်။ အသက်(၅၈)နှစ်အရွယ်ရှိ ဦးစိုးမြင့်သည် ဆီးချို၊ နှလုံးနှင့်သွေးတိုးရောဂါများ ခံစားနေရပြီး ပြီးခဲ့သည့် နှစ်ဆန်းပိုင်းကလေဖြတ်ခဲ့သဖြင့် ယခုချိန်ထိ အင်းစိန်ထောင် ဆေးရုံ၌တင်ထားရခြင်းဖြစ်သည်။

ထို့ပြင် (၃၈)ခုနှစ်မှာပင် ဖခင်နှင့်အတူ ဖမ်းဆီးခံခဲ့ရသည့် သားဖြစ်သူ ကိုလင်းလင်းထွန်းလည်း မန္တလေးထောင်၌ နှလုံး ရောဂါ၊ လေးဖက်နာနှင့် ၄က်ဖျားရောဂါများ ခံစားနေရကြောင်း သိရသည်။ စစ်အစိုးရကကိုလင်းလင်းထွန်းကို စာရွက် စာတမ်းဖြန့်ဝေမှု၊ ပြည်ပအတိုက်အခံများနှင့် ဆက်သွယ်မှု၊ ပုံနှိပ်အက်ဥပဒေစသည့် ပုဒ်မပေါင်းများစွာတပ်ပြီး ထောင်ဒဏ် (၄၂)နှစ် ချမှတ်ထားခြင်းဖြစ်သည်။ ယခု ၎င်းတို့နှစ်ဦးလုံးကျန်းမာရေး မကောင်းသည့်အတွက် ဦးစိုးမြင့်၏သားငယ် ဖြစ်သည့် ဖိုးလပြည့်(ခေါ် )ကိုကျော်ခိုင်ကထောင်ဝင်စာ တလှည့်စီသွားတွေ့နေရသည်ဟု သိရသည်။ အင်းစိန်ထောင် ဆေးရုံရှိ ဖခင် ဦးစိုးမြင့်၏အခြေအနေကို ဖိုးလပြည့်က ယခုလို ပြောပြသည်။

“သူ့ အသက်အရွယ်အရ လေအပြီးဖြတ်သွားတာတော့ မဟုတ်ဘူးပေ့ါ။ လေဖမ်းသွားတာပေ့ါ။ ကျနော် စတွေ့ စက စကားပြောတာ နည်းနည်းဝါးသွားတယ်။ သိပ်မပီဘူး။ ဘယ်ဖက်တခြမ်း သိပ်မလှုပ်နိုင်ဘူးဖြစ်တယ်။ နောက်ပိုင်း Exerciseတွေလုပ်ရင်းနဲ့ လက်တို့၊ ခြေထောက်တို့က ပြန်ကောင်းပြီးတော့ စကားပြောတဲ့အခါ နည်းနည်းလေး တာတော့ ကျန်ခဲ့တယ်။ သွေးတိုး၊ ဆီးချို၊ နှလုံး လူကြီးရောဂါ သဘောမျိုးပေ့ါ။ ခုချိန်ထိ ဆီးချိုဆေးကသောက်နေရတုန်းပဲ။ စိတ်ပိုင်း ဆိုင်ရာကတော့ ကောင်းပါတယ်။ ရောဂါပြင်းပြင်းထန်ထန် ခံစားနေရတဲ့အချိန်ကလွဲရင် ကျန်တဲ့အချိန်မှာတော့ တက်တက် ကြွကြွ လန်းလန်းဆန်းဆန်း တွေ့ရတယ်”မန္တလေးထောင်ရှိ အကိုဖြစ်သူ ကိုလင်းလင်းထွန်း၏အခြေအနေကိုလည်း ယခုလို ဆက်လက်ပြောပြသည်။

“သူ့ကို ဒီဇင်ဘာ (၁၆–၁၇)မှာ သွားတွေ့ထားပါတယ်။ သူ့ ကျန်းမာရေးအခြေအနေက နည်းနည်းတော့ ကောင်းလာပါ တယ်။ အရင် ကလေးမြို့ထောင်ကနေ သူ့ကို နှလုံးရောဂါနဲ့ လေးဖက်နာနဲ့ ICRCရဲ့ Recommendနဲ့ မန္တလေး ထောင်ကို ရွှေ့ပေးလိုက်တာပါ။ အဲဒီကနေ တောက်လျှောက် ကလေးမြို့ကငှက်ဖျားပါလာတော့ ရောက်ခါစက တော်တော် ခံရတယ်ပြောတယ်။ ကျနော်ထွက်လာပြီး သွားတွေ့တဲ့အချိန်အထိ သူ တော်တော်နဲ့ ကျန်းမာရေးကကောင်းမလာဘူး။ အရင်တပတ်ကဆိုရင် နှာခေါင်းထဲမှာ အနာဖြစ်နေတယ်”

ဖိုးလပြည့်(ခေါ် )ကိုကျော်ခိုင် ကိုယ်တိုင် ပြီးခဲ့သည့်နှစ် မတ်လက ပုသိမ်ထောင်မှ ပြန်လွှတ်လာသူ ဖြစ်သည်။ ဦးစိုးမြင့်၊ ကိုလင်းလင်းထွန်းနှင့် ဖိုးလပြည့်တို့(၃)ဦးလုံးကို စစ်ထောက်လှမ်းရေးက (၁၉၉၈) ခုနှစ်က တပြိုင်တည်းဖမ်းဆီးခဲ့ပြီး ဖခင်ကို(၂၈)နှစ်၊ အကိုဖြစ်သူကို(၄၂)နှစ်နှင့် ဖိုးလပြည့်ကို (၇)နှစ် ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ခြင်းဖြစ်သည်။ ❖NCGUB